ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်

# ကျွန်းရောင်းအုပ်စုကျေးရွာအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

# (Village Development Plan)

## ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ရွှေဗဟိုလ်ကျေးရွာ၊ ဇေယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၃ |
| | ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာပြမြေပုံ၊ ကျေးရွာရာသီခွင်ပြပုံ၊ | ၄ |
| | ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာ၊ ဥစ္စာခနေပြပုံ၊ ကျေးရွာ အဖွဲ့အစည်းပြပုံ | ၅ |
| ၁ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၆ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇-၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၈ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈-၉ |
| | (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၇။ | ပညာရေး | ၉-၁၀ |
| ၈။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၀ |
| ၉။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း | ၁၀-၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၁။ | ဦးစားပေးစီမံချက် လုပ်ငန်းများဇယား | ၁၁ |
| နောက်ဆက်တွဲများ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၂ |
| | နောက်ဆက်တွဲ (၂) ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ | ၁၃ |
| | နောက်ဆက်တွဲ (၃) ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄-၅၃ |
| | နောက်ဆက်တွဲ (၄) ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား | ၅၄ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ(သို့မဟုတ်)စီမံချက်အကြောင်းအရာ | ၅၅-၅၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
ရွှေဗဟိုလ်ကျေးရွာ<br>
ဖေယျာသီရိမြို့နယ်

## ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာပြမြေပုံ



## ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာ၏ ရာသီခွင်ပြပုံ



ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာ၏ ဥစ္စာဓနအဆင့်ပြပုံ




ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၏ အနောက်ဘက်ပိုင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရှေ့လောင်ဂျီကျူ (၉၆ ဒီဂရီ ၂၇ မိနစ်)နှင့် မြောက်လတ္တီကျူ ( ၁၉ ဒီဂရီ ၇၉ မိနစ်) ကြားတွင်တည်ရှိပါသည်။ ရွှေဇဟိုလ်ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်တွင် ဆင်သေချောင်းနှင့် ပုဗ္ဗသီရိမြို့နယ်၊ သရက်သမိန်ကျေးရွာရှိပြီး မြောက်ဘက်တွင် ရွှေသင်ဖြူးကျေးရွာရှိပြီး တောင်ဘက်တွင် ရွှေပေး ကျေးရွာတို့ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်း မုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၉.၉ံC)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၁.၇ံC)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ(၄၀")ခန့် ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ရွှေဇဟိုလ်ကျေးရွာတွင် အိမ်ထောင်စု (၁၀၆)စု၌ ကျား(၂၁၈)ဦး၊ မ(၂၄၁)ဦး၊ စုစုပေါင်းလူဦးရေ (၄၅၉)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၃.၆%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါသည်။ အသက် (၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၂%)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ရွှေဇဟိုလ်ကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့ လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း(ဥပမာ– အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိ ပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ရွှေဇဟိုလ်ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၃၁.၁%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေဧက(၁၁၆.၅)ဧကရှိပြီး နှမ်းနှင့် ပြောင်းကိုသာ အဓိကစိုက်ပျိုးပြီး အခြားသီးနှံများအနေဖြင့် ပဲ၊ ပြောင်း ၄က်ပျော၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်စသည့် သီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ (၅၀%)ရရှိပြီး၊ မိုးရေ(သို့)ဆည်ရေဖြင့် စိုက်ပျိုးကြပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ သီးနှံအထွက်နှုန်းများတွင် ပြောင်းနှင့် နှမ်းသည် တစ်ဧကအထွက်နှုန်း အများဆုံးဖြစ်ပြီး အခြားသော သီးနှံဖြစ်သည့် နှမ်းအထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ အခြားသော သီးနှံများ ဖြစ်သည့် ၄က်ပျော၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် အပင်များလည်းရောင်းချချိန်တွင် ဈေးကွက်မတည်မငြိမ် ဖြစ်ပေါ်မှုများရှိခြင်းကြောင့် အကျိုး အမြတ် ရရှိမှာလည်း အလယ်အလတ်သာ ရရှိကြောင်း တွေ့ရှိရပါသည်။ အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံ ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အလုံအလောက်ရှိပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

**ဇယား(၈) ရွှေဇဟိုလ်တွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | သိုး | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ရွှေဇဟိုလ် | ၁၄၀ | - | ၁၂၅ | - | ၆၂၀ | - | - |

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ နွား၊ ဝက်နှင့် ကြက်စသည့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၃၉%)ခန့်နှင့် ဝက်မွေးမြူသည့် အိမ်ထောင်စုမှာ (၅၀%)ခန့်ရှိပြီး လုပ်ကိုင်ကြပါသည်။ နွားမွေးမြူရေး လုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ သီးနှံများရိတ် သိမ်းပြီးချိန်တွင် စိုက်ကွင်းမြေများတွင် လွှတ်ကြောင်းရပြီး ကောက်ရိုးနှင့် ရိတ်သိမ်းပြီး ပဲပင်များကို

နွားစာအဖြစ်ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် အိမ်တွင်းမှုထုတ် ကုန်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဒေသများရှိ ထုတ်ကုန်လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း၊ အတတ်ပညာတက်မြောက်မှုနည်းပါးခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မှု မရှိခြင်းအပြင် အစိုးရဘဏ်ချေးငွေများမှာ အနည်းငယ်သာရှိခြင်းကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲအနည်းငယ် ရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ ပေါ်လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန် လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှု ရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ် နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၅%)မှ (၁၀%) ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် အတိုးနှုန်း(၁၀%)အထက်ဖြင့် ချေးယူကြရခြင်းများလည်း တွေ့ရှိကြပါသည်။ မြစိမ်းရောင် ချေးငွေဝန်ဆောင်မှု အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရရှိသည့်အတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်မှာ မရှိသလောက်နည်းပါးသွားပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် လယ်ယာထွက်ကုန်များထုတ်လုပ်နိုင်ပါက ကျေးရွာနှင့် (၁၀) မိုင်ခန့်ဝေးသော ပျဉ်းမနားစျေးရှိပြီး စျေးကွက်အလုံအလောက်ရှိပါသည်။ ကုန်စိမ်းနှင့် သားငါးများကို ရေဆင်းစျေးတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင် ကယ်၊ ကားများဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေး

အနေဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိရွာတွင်းလမ်းများ၏ စုစုပေါင်းအရှည်မှာ (၁)မိုင်ခန့် ရှည်လျားပြီး မိုးရာသီအချိန်တွင် အချို့သော ရွာတွင်းလမ်းများမှာ သွားရေးလာရေးအခက်အခဲ လျက်ရှိပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအား အိမ်ထောင်စုတိုင်းအသုံးလျက်ရှိပါသည်။ မဟာဓါတ်အားလိုင်း၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသည်။

**(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV အများအပြား အသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာအနီးပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာသူ/ သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPT, Ooredoo, Telenor, (၃)မျိုး စလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိနိုင်ပါသည်။

**၇။ ပညာရေး**

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် အစိုးရစာသင်ချောင်းမရှိပါသော်လည်း ကျေးရွာမှ (၁)မိုင်ခန့်ကွာဝေးသော ရွှေပေးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် (၃)မိုင် ခန့်ကွာဝေးသော ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ ပညာသင်ကြားလျက်ရှိပြီး စာသင်ကျောင်းများရှိ ကျောင်းဆောင်များမှာ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသဖြင့် ကျောင်းဆောင်များမှာ အရည်အသွေးကောင်းမွန်ပါသည်။ ကလေးအများစုမှာ ကျောင်းပညာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီကြပါသည်။ ကျောင်းအာ ဟာရတိုက်ကျွေးမှု အစီအစဉ်မှာလည်း နည်းပါးပါသည်။ မူလတန်းတက်ရောက်သူ (၃၅) ဦး၊ အလယ်တန်းတက်ရောက်နေသူ (၃၆) ဦး၊ အထက်တန်းကျောင်းတက်ရောက်သူ (၂၃) ဦးနှင့် တက္ကသိုလ်/ ကောလိပ်တက်ရောက်နေသူ(၁၁)ဦးရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်အရေအတွက်မှာ (၂၉)ဦးရှိသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းနည်းပညာအား နည်းခြင်းများကြောင့် သင်တန်းများ ပို့ချပေးပြီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောရင်းနှီးငွေ/ ချေးငွေများပံ့ပိုးပေးပြီး

နောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့်ရလာနိုင် မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးအဖွဲ့ခွဲမရှိပါ။ ကျေးလက်ပြည်သူများကြား ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ဆီးချိုနှင့် သွေးတိုးရောဂါများမှာ ကျေးရွာတွင် ဖြစ်ပွားမှုမြင့်နေသောကြောင့် ဖြစ်ပွားရသောအကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

### (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၁)တွင်းနှင့် အဝီစိတွင်း(၁၆) တွင်းရှိပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာလုံးကျွတ်(၁၀၀%) သုံးစွဲလျက်ရှိပါသည်။ ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်သော မိသားစုများလည်းရှိပြီး စနစ်တကျ မွေးမြူခြင်းမရှိသောကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးပြီး အနံ့အသက်များ ထွက်လျက်ရှိပါသည်။ ရေကြောင့် ဆက်စပ်ဖြစ်ပွားသောရောဂါများ အထူးသဖြင့် ဝမ်းပျက်ဝမ်းလျော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့်ဖြစ်လေ့ဖြစ်ထ ရှိနေဆဲဖြစ်ပြီး တစ်ကိုယ် ရည်သန့်ရှင်းရေးဆိုင်ရာကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် မြေအောက်ရေအပေါ်ယံရေကြောမှ ရေများ ရရှိသော်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်ပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာတွင် တစ်ချို့မှာ သဲဆန်ပြီး အများအပြားမှာ မြေသားအမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမှာများသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ရေအရင်းအမြစ်အနေဖြင့်လည်း အဝီစိတွင်းရေနှင့် ချောင်းရေကိုသာ အားကိုးနေရပါသည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရိစ္ဆာန်များ မရှိပါ။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

### (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ဇေယျာသီရိမြို့နယ်၊ ရွှေဇဟိုလ်ကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့် အလျှောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေး

အန္တရာယ်ကျရောက်ခြင်းများမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေး ချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့ လျက်ရှိပါသည်။ မှုခင်းများကာကွယ်တာဆီးရေးအတွက် မြန်မာရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်း ကျဆင်းရေးပညာပေးဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြော ပြုလုပ်ပေးလျက် ရှိပါသည်။

**၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

ဇေယျာသီရိမြို့နယ်၊ ရွှေဗဟိုလ်ကျေးရွာတွင် မိဘများသည် သားသမီးများကိုပညာသင် ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာ သင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့် အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှုမှာ အနည်းငယ်သာ ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးရေး သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေး ပြီးဖိတ်ကြား ခဲ့ရာ သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ၏(၄၃%)သာရှိပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ် နိုင်သော အင်အားထက်ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမ ဆိုင်ရာတန်း တူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့်ကျေးလက်လူထုအတွင်း အသိပညာပေးခြင်း များ တိုးမြှင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အ တွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**၁၁။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား** နောက်ဆက်တွဲများ

နောက်ဆက်တွဲ -၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ -၂။ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ

နောက်ဆက်တွဲ -၃။ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ -၄။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ -၅။ စီမံချက်အဆိုပြုလွှာ(သို့မဟုတ်)စီမံချက်အကြောင်းအရာ

နောက်ဆက်တွဲ(၁)

# ကျွန်းရောင်းကျေးရွာအုပ်စု၊ ရွှေဗဟိုလ်ကျေးရွာတွင် ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

ရက်စွဲ၊၁၈. ၇ ၂၀၂၃

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ် | အသက် | ပညာအ ရည် အချင်း | တာဝန် | ဆက်သွယ်ရမည့် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးအေးကျော် | ဦးကျော်ဝင်း | ၉/ပမန(နိုင်)၂၀၃၁၁၂ | ၅၂ | ၈တန်း | နာယက | ၀၉-၄၀၀၄၉၄၃၂၆ | အုပ်ချုပ်ရေးမှူး |
| ၂ | ဦးဆန်းထွန်း | ဦးမျိုးမြင့် | ၉/ပမန(နိုင်)၁၈၀၈၈၇ | ၃၉ | ၁၀တန်း | ဥက္ကဋ္ဌ | ၀၉-၈၈၃၆၀၁၅၂၇ | သင်တန်းသား |
| ၃ | ဒေါ်ခင်ချမ်းပြည့်စမ်း | ဦးဇော်မင်းဦး | ၉/ပမန(နိုင်)၂၀၂၇၇၀ | ၃၉ | ၁၀တန်း | ဥက္ကဋ္ဌ (ဘဏ္ဍာရေး) | ၀၉-၂၅၄၄၂၀၇၃၃ | |
| ၄ | ဒေါ်မိုးမိုးအေး | ဦးမင်းခိုင် | ၉/ပမန(နိုင်)၁၅၂၃၈၄ | ၄၂ | ဘွဲ့ရ | ဘဏ္ဍာရေးမှူး | ၀၉-၈၉၂၂၀၅၂၃၈ | |
| ၅ | ဦးတင်ဦး | ဦးတင်အေး | ၉/ပမန(နိုင်)၀၇၁၁၃၄ | ၆၅ | ၄တန်း | စာရင်းကိုင် | ၀၉-၉၈၃၆၃၃၂၂၈ | |
| ၆ | ဦးစန်းလွင် | ဦးစံရင် | ၉/ပမန(နိုင်)၀၇၁၁၃၁ | ၆၀ | ၄တန်း | အတွင်းရေးမှူး | ၀၉-၆၇၀၆၆၂၁၂၃ | |
| ၇ | ဦးမြင့်ဌေးဦး | ဦးစိန် | ၉/ဇယသ(နိုင်)၀၁၅၉၆၃ | ၆၀ | ၁၀တန်း | အဖွဲ့ဝင် | ၀၉-၂၅၂၉၅၈၅၈၆ | သင်တန်းသား |
| ၈ | ဒေါ်ချယ်ရီ | ဦးအောင်နိုင် | ၉/ပမန(နိုင်)၂၄၂၀၉၆ | ၄၅ | ၄တန်း | အဖွဲ့ဝင် | ၀၉-၄၅၆၁၁၀၄၄၆ | |

နောက်ဆက်တွဲ(၂)

## ကျွန်းရောင်းကျေးရွာအုပ်စု၊ ရွှေဇဟိုလ်ကျေးရွာတွင် ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|
| ၁။ | ရွာတွင်းလမ်းနှင့် ရွာပတ်လမ်း(မြေသား+ ရိုစာ)ခင်းခြင်း | ဦးစားပေး -၁ | |
| ၂။ | ရွာလယ်အုတ်စီရေမြောင်း တည်ဆောက်ခြင်း | ဦးစားပေး -၂ | |
| ၃။ | စက်ရေတွင်း၊ စင်မြင့်ရေစင်နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း | ဦးစားပေး -၃ | |
| ၄။ | ရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ဦးစားပေး -၄ | |
| ၅။ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ဦးစားပေး -၅ | |

နောက်ဆက်တွဲ(၃)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | - | ၂ | | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅ | ၇ | ၁၂ | | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၈ | ၃၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၈ | ၃၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၈ | ၁၈၀ | ၃၃၈ | ၁ | ၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၁၈ | ၃၆ | | |
| စုစုပေါင်း | | ၂၁၈ | ၂၄၁ | ၄၅၉ | | |
| စုစုပေါင်းအိမ်ထောင်စု | | (၁၀၆)စု | | | ၁ | ၁ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃)ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် အမျိုးသမီးမှာ အမျိုးသားများ နေထိုင်မှုထက်များပြားပြီး မသန်စွမ်းသူများ အပါအဝင် အလုပ်လုပ်ကိုင်နိုင်သူမှာ (၇၄%) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | | | | |
| ၁ | ကိုယ်ပိုင် | ၃၄ | ၉၀ | ၁ | ၂ | ၂ | ကျား-၁ | မြင့် ☐ လတ် ✓ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် နိမ့် ☐ |
| **တိရစ္ဆာန်မွေးမြူရေး** | | | | | | | | |
| ၂ | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၄၄ | ၉ | ၆ | ၁၀ | မ-၂ | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ငါးလုပ်ငန်း (ရေချို/ ရေငန်ငါး/ ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | | |
| ၃ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **သစ်တောလုပ်ငန်း** | | | | | | | | |
| ၄ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| ၅ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စဉ်** | **လုပ်ငန်းများ** | **အဓိကအလုပ်အကိုင်** | | | | | **အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ် ကိုင်သူ(ဦးရေ)** | **ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်)** |
| **ထုတ်ကုန်လုပ်ငန်း** | | | | | | | | |
| ၆ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | | |
| ၇ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | | | | | | | | |
| ၈ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | ၁ | - | ၁ | ၇၇ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး√ | | | | | | | | |
| ၉ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | | | | | | | | |
| ၁၀ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| လက်လီ- လက်ကားရောင်းဝယ်ရေး | | | | | | | | |
| ၁၁ | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၈ | ၁ | - | ၂ | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | | |
| ၁၃ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | - | - | - | - | - | - | မြင့် ☐ လတ် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | /ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ချေးငွေဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | | | | | |
| ၁၄ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | | | | | |
| ၁၅ | ကိုယ်ပိုင် လုပ်ငန်း | – | - | – | – | – | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ပညာရေး | | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ကျန်းမာရေး | | | | | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| လူမှုရေးလုပ်ငန်းများ | | | | | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | X |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | ၄၇ | ၈၂ | ၉ | ၂၅ | ၁၁၄ | - | |
| **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၀၆ | ၂၂၄ | ၂၁ | ၈၉ | ၁၁၇ | ၁၁၂ | **X** |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရွှေဗဟိုလ်ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများပါ ဆောင်ရွက်နိုင်ကြောင်းနှင့် လုပ်ငန်းများအလိုက် လိုအပ်သော လုပ်သားအင်အားရှိပြီး မိသားစုဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေဗဟိုလ်ကျေးရွာကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး၏ လုပ်အားခရငွေမှာ အနည်းငယ်သာ ကွာခြားချက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀၇ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၅ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၁၆.၅** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရွှေဗဟိုလ်ကျေးရွာသည် ဆင်သေချောင်းဘေးတွင် တည်ရှိပြီး စိုက်ပျိုးရေး

လုပ် ကိုင်ရန် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ-၂)  ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော (၁၀) နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ရေ- မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ✓ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| ရေ- မြေပေါ်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ✓ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သစ်တော- အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |
| သစ်တော- ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓ |

ရင်းမြစ် ...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာသည် ဆင်သေချောင်းဘေးတွင် တည်ရှိသော်လည်း ၎င်း ချောင်းမှ ရေအရင်းအမြစ်အား စိုက်ပျိုးရေအဖြစ် တောင်သူအနည်းငယ်သာ အသုံးပြုနိုင်ပါသည်။ အိမ်တိုင်း တွင် ရေတွင်းများ ရှိပါသော်လည်းကြောင်း အနည်များ ပါဝင်သဖြင့် စစ်သုံးနေရပြီး သန့်ရှင်းသော် သောက်သုံးရေရရှိရန် လိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဃ)  ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | များ ၁၅ စု | အသင့်အတင့် ၂၈ စု | နည်း ၄၀ စု | အလွန်နည်း (သို့) မရှိ ၂၇ စု |
| အိမ်အခြေအနေ | အလွန်ကောင်း ပျဉ်ထောင်၊ အုပ် | အသင့်အတင့်ကောင်း ပျဉ်ထောင်၊ ထရံကာနှစ်ထပ် | ညံ့ ပျဉ်ထောင်၊ ထရံကာတစ်ထပ် | အလွန်ညံ့ မြေစိုက်၊ ဝါးသွပ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ ကိုယ်ပိုင်ကား | အသင့်အတင့် ဆိုင်ကယ် | နည်း ပန်းရုံ၊ နေ့စားဆေးသုပ် | မရှိ သံချိကွေး၊ လက်လုပ်သမား |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း စီးပွါးရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အသင့်အတင့် မွေးမြူရေး | စီးပွား(ဝင်ငွေ)နည်း ကျပန်း | စီးပွား (ဝင်ငွေ) အလွန်နည်း ကျပန်း |
| **အိမ်ထောင်စု** | **၃၃ စု** | **၄၇ စု** | **၂၆ စု** | **-** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ(၃၁%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၄၄%)၊ မပြေလည်သောအိမ်ထောင်စုမှာ(၂၅%)နှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၈ စု | ၁ စု | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = _____✓____<br>လုပ်အားခကြိုယူ = _____✓____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၄ စု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____✓____<br>လုပ်အားခကြိုယူ = _____✓____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၆ စု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____✓____<br>လုပ်အားခကြိုယူ = _____✓____ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရွှေဗဟိုလ်ကျေးရွာတွင် ဝမ်းစာဖူလုံမှုလိုအပ်သော အိမ်ထောင်စုမှာ(၁၇%) ခန့်သာ ရှိကြောင်း တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | ၁၈ | ၁၈ | ၃၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေဗဟိုလ်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများမှာ အလုပ်မလုပ်နိုင်သော သက်ကြီးရွယ်အိုအိမ်ထောင်စု(၃၄%)ရှိပြီး အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ(၃.၈%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား(၉)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | ✓ | – | – | ✓ | – | – |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | – | – | ✓ | – | – |
| ၃ | မုန်တိုင်းဒီရေ | ✓ | – | – | ✓ | – | – |
| ၄ | ဆူနာမီ | ✓ | – | – | - | – | – |
| ၅ | တိုင်ဖုန်းမုန်တိုင်း | – | – | – | ✓ | – | – |
| ၆ | လေဆင်နှာမောင်း | – | – | – | ✓ | – | – |
| ၇ | လျှော်င | ✓ | – | – | ✓ | – | – |
| ၈ | အပူလှိုင်း | ✓ | – | – | ✓ | – | – |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | – | – | ✓ | – | – |
| ၁၀ | အအေးလှိုင်း | ✓ | – | – | ✓ | – | – |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | – | – | ✓ | – | – |
| ၁၂ | မိုးခေါင်ခြင်း | ✓ | – | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | – | – | – | ✓ | – | – |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | – | – | ✓ | ✓ | – | – |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | – | – | ✓ | – | – |
| ၁၆ | မြေပြိုခြင်း | – | – | – | ✓ | – | – |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာဖူလုံမှု | – | – | – | ✓ | – | – |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ ရေ) | ✓ | – | – | – | – | ✓ |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | ✓ | – | – | ✓ | – | – |
| ၂၀ | သစ်တောပြုန်းတီးခြင်း | – | – | – | ✓ | – | – |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | – | – | ✓ | – | – |
| ၂၂ | တီဘီရောဂါ | ✓ | – | – | - | ✓ | – |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | – | – | – | ✓ | – | – |
| ၂၄ | ကပ်ရောဂါ | ✓ | – | – | - | – | ✓ |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | – | – | ✓ | – | – |

| စဉ် | ထိခိုက်လွယ်မှု<br>အမျိုးအစား | ထိခိုက်လွယ်မှု<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | စွမ်းဆောင်နိုင်မှု<br>(ထိခိုက်မှုလျော့နည်းရေးနှင့်<br>လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | – | – | ✓ | – | – |
| ၂၇ | လူကုန်ကူးခြင်း | ✓ | – | – | ✓ | – | – |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည် | – | – | – | – | ✓ | – |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေဗဟိုလ်ကျေးရွာ၏ မြေပြန့်ဒေသတွင် တည်ရှိသဖြင့် သဘာဝဘေး အန္တရာယ် ကျရောက်မှုမရှိသော်လည်း ဆင်သေချောင်းမှ ရေလာသည့်အခါ ကမ်းပါးများနှစ်စဉ်တိုက်စားသဖြင့် စိုက်ပျိုးမြေပြုန်းတီးမှုများ ဖြစ်ပေါ်လျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀)ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု<br>ခံရနိုင်သည့် သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | စွမ်းဆောင်နိုင်မှု<br>(ထိခိုက်မှုလျော့နည်းရေးနှင့်<br>လိုက်လျောညီထွေဖြစ်စေမည့်<br>အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | – | – | - | – | ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | – | – | - | – | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | – | – | – | – | ✓ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ | – | – | – | – | – | – |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | - | ✓ | – | ✓ | – | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident)တွင် နေထိုင်သူများ | – | – | – | – | – | – |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရ သူများ(IDP) | ✓ | – | – | ✓ | – | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | ✓ | – | ✓ | – | – |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၉ | ငါးကန်ပိုင်ရှင်များ | – | – | – | ✓ | – | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | – | ✓ | – | ✓ | – | – |
| ၁၁ | လူနည်းစုလူမျိုးများ | – | – | – | – | – | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | – | – | – | – | – | – |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | – | – | – | – | – | – |
| ၁၄ | ရွှေတွင်းလုပ်သားများ | – | – | – | – | – | – |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | | ✓ | – | – | ✓ | – |
| ၁၆ | နေရပ်ပြန်အခြေချသူများ | – | – | – | – | – | – |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | – | – | – | – | – | – |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | – | - | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာ သဘာဝဘေးအန္တရာယ်ကျရောက် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ အနည်းငယ်သာ ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား(၁၁)ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူမှုရေး | ၁☐ ၂✓ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အုပ်ချုပ်ရေး | ၁✓ ၂☐ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | မီးလင်းရေး ကော်မတီ | ၁✓ ၂☐ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကျေးရွာလယ်/စီအဖွဲ့ | ၁✓ ၂☐ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |
| ၅ | ဘာသာရေး | ၁✓ ၂☐ ၃ | ၄ | ၁ | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |
| ၆ | မြစိမ်းရောင်း | ၁✓ ၂☐ ၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၇ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ရွှေဇဟိုလ်ကျေးရွာတွင်း လူထုအခြေပြုအဖွဲ့အစည်းများ ရှိပါသော်လည်း အမျိုးသမီးများ ပါဝင်မှု နည်းပါးပါသည်။ ကျေးရွာရှိလူထုအဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး၊ ဘာသာရေး၊ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ရဲစခန်း | ၁✓ ၂☐ ၃ ☐ ၄ ☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၂ | ကျန်းမာရေး | ၁✓ ၂☐ ၃ ☐ ၄ ☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | စိုက်ပျိုးရေး၊ မြေစာရင်း | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | ကျေးလက်လမ်းဖွံ့ဖြိုးရေး | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး<br>☐ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၅ | လျှပ်စစ် | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |
| ၆ | လဝက | ၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာရှိအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

## (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၅ | ၁၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၅ | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၇ | ၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၉ | ၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | - | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၀၆ | ၂၁ | X |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရွှေဗဟိုလ်ကျေးရွာတွင် အိမ်ထောင်စု(၁၀၆)စုရှိသည့်အနက် မြေယာမဲ့ အိမ်ထောင်စု(၇၁%)ခန့်ရှိခြင်း၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအနက်မှ မြေယာမဲ့အိမ်ထောင်စုမှာ (၉၁%)ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ချောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓ မဖြေဆိုပါ☐ | ရှိ☐မရှိ✓ မဖြေဆိုပါ☐ | လျော့☐တိုး✓ အပြောင်းအလဲမရှိ☐ |
| ၂ | ချောင်းရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓ |
| ၃ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓ |
| ၄ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓ |
| ၅ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓ |
| ၆။ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ✓ | လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓ |

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ ✓ | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် ဆင်သေချောင်းဘေးတွင် တည်ရှိပါသော်လည်း စိုက်ပျိုးမြေများအတွက်(၁၂)ကာလပတ်လုံးအသုံးချနိုင်မှု စိုက်ကေ နည်းပါးလျက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် ဆင်သေချောင်းမှ ရေတင်စနစ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ပြောင်း | ၇၆ | တင်း | ၇၀ | ၁၀ | ၈၅ | ကဆုန်လ | ဝါဆိုလ | မြင့် ☐ လတ် ✓ နိမ့် ☐ | မြင့် ☐ လတ် ✓ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| နှမ်း | ၄၀ | တင်း | ၆ | ၁၀ | ၈ | နယုန် | ဝါခေါင် | မြင့် ☐ လတ် ✓ နိမ့် ☐ | မြင့် ☐ လတ် ✓ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား မိုးကာလတွင်သာ စိုက်ပျိုးနိုင်ပြီး နှမ်းစိုက်ကေမှာ(၃၅%)ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၆)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | - |
| လက်တွန်းထွန်စက် | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှုအနည်းငယ်သာရှိခြင်းကြောင့် လယ်ယာသုံးစက်ပစ္စည်းများမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း ✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း ✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☐ အသင့်အတင့် ✓ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ✓ ရသည် ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ✓ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝမြေဆွေး/ အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✓ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ✓ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည် ✓ ရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည် ✓ ရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်) | ထိခိုက်သည် မထိခိုက်ပါ ☐ မဖြေဆိုပါ ✓ |

ရင်းမြစ်... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ရွှေဇဟိုလ်ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထားမှာ အသင့်အတင့်ရှိ ကြောင်းတွေ့ရပါသည်။ လယ်ယာမြေပိုင်ဆိုင်မှုမှာ မရှိသလောက် နည်းပါးခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မှုများ အနည်းငယ်သာရှိပါကြောင်း တွေ့ရှိရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ ✓ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✓ |
